# နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ နာဂတိုင်းရင်းသားတို့၏ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ လေ့လာမှုစာတမ်း


ဦးယုဝေ

တွဲဖက်ပါမောက္ခ

တိုင်းရင်းသားရေးရာဌာန


## စာတမ်း အကျဉ်း

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်တွင်ပါဝင်သော လဟယ်မြို့နယ်၊ လေရှီးမြို့နယ်နှင့် နန်းယွန်းမြို့ နယ်(၃))မြို့နယ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၅၆)၊ အပိုဒ်ခွဲ (က) အရ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သတ်မှတ်ခဲ့ပါသည်။ နာဂအုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဖြင့် အုပ်ချုပ်ခဲ့ပါသည်။ ဧရိယာအားဖြင့် စတုရန်းမိုင်ပေါင်း (၅၁၆၈.၂၀၆) မိုင် ကျယ်ဝန်းပါသည်။ မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင် တည်ရှိသည်၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ကချင်, ကယား, ကရင်, ချင်း, ဗမာ, မွန်, ရခိုင်, ရှမ်းနှင့် နာဂ လူမျိုးများ နေထိုင်ကြပါသည်။ ဗမာစကား, နာဂစကား, ချင်းစကား, ကချင်စကားများ ပြောဆိုကြပါသည်။ နေထိုင်ရာဒေသ လိုက်၍ ဒေသိယစကားများ ကွဲပြားလျှက်ရှိသည်။ ဘုံ ဘာသာစကား ပေါ်ပေါက်ရန်ကြိုးပမ်းလျှက်ရှိပါသည်။

နာဂတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်ပြီး ရှေးဘိုးဘွား အစဉ် အလာဝတ်စုံနှင့် ခေတ်ဝတ်စုံဟူ၍ (၂) မျိုးခွဲခြားထားပါသည်။ ခေတ်ဝတ်စုံကို နာဂတိုင်းရင်း သားမျိုးနွယ်စုအားလုံး၏ ဘုံဝတ်စုံအဖြစ် (၁၉၉၁) ခုနှစ်တွင် မျိုးနွယ်စုအကြီးအကဲများမှ စုပေါင်းသတ်မှတ်အတည်ပြုထားကြသည်။ အင်္ကျီကို အဖြူရောင်လက်ရှည် လက်မောင်းတွင် အဝါရောင်လိုင်းကလေးများနှင့် ခါးတွင်အပြာရောင် လိုင်းကလေးများ ပါဝင်သည်၊ ပုဆိုးကို အနက်ရောင်နှင့်အစိမ်းရောင် ကန့်လန့်စင်းအနေဖြင့် သတ်မှတ်ထား ပါသည်။ ယင်းခေတ် ဝတ်စုံ( နာဂမျိုးနွယ်စုအားလုံး၏ ဘုံဝတ်စုံ)ကို နာဂတိုင်းရင်းသားအားလုံး အမြတ်တနိုး ဝတ်ဆင်ကြသည်။ ရှေးဘိုးဘွား အစဉ်အလာဝတ်စုံ ဝတ်ဆင်ပုံမှာ မျိုးနွယ်စု အလိုက် ကွဲပြားမှု ရှိကြသည်။

နာဂတိုင်းရင်းသားတို့သည် ရှေးခေတ်အဆက်ဆက် ရိုးရာနတ်များကိုသာ ယုံကြည် ကိုးကွယ်ခဲ့ ကြသည်။ နောက်ဘဝ (ဝါ ) သေလွန်ပြီးနောက် အခြားဘုံဘဝသို့ ဝိညာဉ်သည် အလိုအလျောက် ရောက်ရှိ သွားကြသည်ဟု ယုံကြည်ကြသည်၊ လူ့ဘဝတွင် ကောင်းမှုသုစရိုက်ဖြင့် နေထိုင်ခဲ့သူ၏ ဝိညာဉ်သည် ဤကမ္ဘာလောကမှ အရဏ်တက်ချိန်တွင် ထွက်ခွါလေ့ရှိပြီး

ညာဘက်လမ်းမှ ကောင်းမွန်သောဝိညာဉ်ကမ္ဘာ (ဝါ ) နိဗ္ဗာန်သို့ ရောက်ရှိပြီး၊ မကောင်းမှု ဒုစရိုက်ဖြင့် နေထိုင်ခဲ့သူ၏ ဝိညာဉ်သည် ညနေစောင်းအချိန်တွင် ထွက်ခွါလေ့ရှိပြီး ဘယ်ဘက်လမ်းမှ ဝိညာဉ်ငရဲသို့ ရောက်ရသည် ဟု ယုံကြည်ကြသည်။ မြို့နယ်အလိုက် လူမျိုးစု အသီးသီးတမလွန်ယုံကြည်မှုဓလေ့များ ကွဲပြားကြပါသည်။ ယေဘုယျအားဖြင့် ၁၉၃၈ ခုနှစ်ခန့်က ခရစ်ယာန်သာသနာပြုများ သာသနာပြုခဲ့ရာ ခရစ်ယာန်ဘာသာ ကိုးကွယ်မှုဦးရေ များပြားလာပါသည်။ ဗုဒ္ဓဘာသာသာသနာပြုများ အနေဖြင့် ဦးနုအစိုးရလက်ထက်လောက်မှ သာသနာပြုခဲ့ကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နိုင်ငံတော်၏ ပံပိုးမှုဖြင့် ဗုဒ္ဓဘာသာဖွံ့ဖြိုးရေး အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြပါသည်။ လဟယ်မြို့နယ်၊ လေရှီးမြို့နယ်တို့တွင် ခရစ်ယာန် ဘာသာဝင် များပြားပြီး ဗုဒ္ဓဘာသာဝင် နည်းပါးသည်၊ နန်းယွန်းမြို့နယ်တွင် ဗုဒ္ဓဘာသာဝင်ဦးရေက များပြားပြီး ခရစ်ယာန်ဘာသာဝင် နည်းပါးကြောင်း တွေ့ရှိရပါသည်။